# Highlights from DVB Debate’s Unify all Minorities Show

## March 11, 2017

## “How to unify with all Minorities?”

“မွနေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို့ ပြောပေမယ့် ကိုယ်ပိုင်စီမံအုပ်ချုပ်မှုတွေ ပြောပလောက်အောင် မရသေးဘူးလို့ ပြောချင်တယ်”

ဒေါက်တာကျော်လွင်ထူး - နာယက၊ မွနေတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ

---

“ရှမ်းပြည်နယ်ထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ၅ ခုရှိတယ် အဲ့အတွက် ကျမတို့ကလည်း ပြဿနာ မရှိပါဘူး။ သူတို့ ရပိုင်ခွင့်ကို မပေးပါနဲ့လို့လည်း ပြောခွင့်မရှိပါဘူး။ သို့သော် ပြည်နယ်တွေ ခွဲတောင်းနေမယ့် အစား ချစ်ချစ် ခင်ခင် နေသွားရင်တော့ ပိုကောင်းတာပေါ့။ ကျမတို့ ရှမ်းတွေ လူမျိုးမခွဲပါဘူး”

နန်းခင်ထားရီ - ရှမ်းပြည်နယ်လွှတ်တော်အမတ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်

---

“တကယ်ပဲ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိနေသေးရဲ့လားဆိုတဲ့ အချက်ရှိတယ် အခု တကယ်ပဲ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး မရှိပါဘူး ဒါက တော်လှန်ရေးကောင်စီခေတ်က သတ်မှတ်ခဲ့တာ”

ခွန်မောင်သောင်း - ပြည်သူ့လွှတ်တော်အမတ်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ

---

“လီဆူတိုင်းရင်းသားတွေအတွက် အဓိကအားနည်းချက်ဖြစ်နေတာက မှတ်ပုံတင်ရရှိရေးပဲဖြစ်တယ် ကျမတို့ဟာ လီဆူတိုင်းရင်းသားဖြစ်တယ် ကျန်တဲ့တိုင်းရင်းသားတွေ အများခေါ်နေတာက လီရှောလို့ခေါ်နေတယ်။ ကျမတို့ကို နိုင်ငံတော်ကလည်း လီဆူလို့ သတ်မှတ်တာကိုပဲ လိုချင်တာပါ”

ဒေါ်ဆွန်မလေး - ဥက္ကဋ္ဌ၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

---

“ကျမတို့ ပအိုဝ်းတွေဟာ ရှေးယခင်ကတည်းက ရှိလာခဲ့တဲ့ တိုင်းရင်းသားလူမျိုးတွေဖြစ်ပါတယ်။ ကျမတို့ဟာ ရှမ်းမျိုးနွယ်စုထဲပါသွားလိုက် ကရင်မျိုးနွယ်စုထဲပါသွားလိုက်ဖြစ်နေတယ်။ အမေ့ခံလူမျိုးလိုတောင် ဖြစ်နေတယ်”

နန်းခမ်းရီ - ပအိုဝ်းဥပဒေအဖွဲ့

---

"ကျမတို့တောင်ရိုးတိုင်းရင်းသားတွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးကိစ္စတွေမှာ အမြဲတမ်းချန်ထားခံရတယ် မျိုးနွယ်စုအခွင့်အရေးတွေလည်း မရှိပါဘူး"

ဒေါ်ဂါဂါစိုး - တောင်ရိုးတိုင်းရင်းသူ

---

"ဒေသန္တရအုပ်ချုပ်ရေး၊ ပြည်နယ်အုပ်ချုပ်ရေး အဲကမှတဆင့် ပြည်ထောင်စုအုပ်ချုပ်ရေး အဆင့်ဆင့် ခွဲဝေပြီး အုပ်ချုပ်မယ်ဆိုရင်တော့ တိုင်းရင်းသားတွေအတွက် ပိုအဆင်ပြေမယ်"

နန်းခင်ထားရီ - ရှမ်းပြည်နယ်လွှတ်တော်အမတ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

---